# နိဗ္ဗာန်

နိဗ္ဗာန်ဟူသည် ဝဋ်ဆင်းရဲငြိမ်းရာ၊ ဝဋ်ဆင်းရဲငြိမ်းကြောင်း၊
ဝဋ်ဆင်းရဲငြိမ်းခြင်းသဘောပင် ဖြစ်သည်။

ဝဋ်(၃)ပါး

၁။ ကိလေသဝဋ် = အဝိဇ္ဇာ တဏှာ ဥပါဒါန်
၂။ ကမ္မဝဋ် = သင်္ခါရ-ကမ္မဘဝ (ကုသိုလ်ကံ အကုသိုလ်ကံ)
၃။ ဝိပါကဝဋ် = ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ

သင်္ခါရနှင့် ကမ္မဘဝ ထူးခြားချက်

ပထမနည်း: ကံတခုခုကို ပြုလုပ်သောအခါ ရှေ့ကဖို့က ကြံစည်အားထုတ်
သော စေတနာသည် သင်္ခါရ
နောက်ဆုံး အပြီးသတ်ပြုလုပ်သော စေတနာသည် ကမ္မဘဝ

ဒုတိယနည်း: အကု/ကု ပြုလုပ်သောအခါ ဇော(၇)ကြိမ်ဖြစ်တယ်၊
ဇော(၇)ကြိမ်တွင် ရှေ့ဇော(၆)ကြိမ်သည် သင်္ခါရ
နောက်ဆုံးဇောသည် ကမ္မဘဝ

တတိယနည်း: စေတနာသည် ကမ္မဘဝ
စေတနာနှင့် အတူဖြစ်သောတရားများသည် သင်္ခါရ

ဥပ္ပါဒနှင့် အနုပ္ပါဒ

ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာန်။ (ပဋိသမ္ဘိဒါမဂ်၊ ၅၈)
ဖြစ်ပေါ်ခြင်းရှိသောသဘောသည် သင်္ခါရ
ဖြစ်ခြင်းကင်းသော သဘောသည် နိဗ္ဗာန်

ပဝတ္တနှင့် အပဝတ္တ

မပြတ်ဖြစ်နေသော ရုပ်နာမ်အပေါင်းသည် သင်္ခါရ
မပြတ်ဖြစ်သည့် ရုပ်နာမ်သင်္ခါရကင်းသောသဘောသည် နိဗ္ဗာန်

နိမိတ္တနှင့် အနိမိတ္တ

အကောင်အထည် ပုံသဏ္ဌာန်ရှိသလို ထင်သောနိမိတ်သည် သင်္ခါရ
ပုံသဏ္ဌာန် အရိပ်နိမိတ်ကင်းသော သဘောသည် နိဗ္ဗာန်

အာယူဟနာနှင့် ဝိယူဟနာ

ပေါင်းစုခြင်း ဖြစ်ပွားအားထုတ်ခြင်းသည် သံသရာ

အားထုတ်မှု ကင်းခြင်းသည် နိဗ္ဗာန်

ပဋိသန္ဓေ နှင့် ပဋိသန္ဓေကင်းမှု

ဘဝဟောင်းနှင့် ဆက်စပ်မြဲခြင်းသည် သံသရာ

ဘဝဟောင်းနှင့် ဆက်စပ်မှု မမြဲခြင်းသည် နိဗ္ဗာန်

နိဗ္ဗာန်၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်

သန္တိလက္ခဏံ၊ နိဗ္ဗာန်သည် ငြိမ်းအေးခြင်း သဘောလက္ခဏာရှိ၏

အစ္စုတိရသံ၊ မရွေ့ပြောင်းခြင်း မပျက်စီးခြင်း ကိစ္စရှိ၏

အနိမိတ္တ ပစ္စုပဋ္ဌာန်၊ ပုံသဏ္ဌာန် အရိပ်နိမိတ်ကင်းသော အားဖြင့်

ဉာဏ်ထဲ ထင်မြင်၏

နိဗ္ဗာန် ဓာတ် (၂) ပါး

၁။ သဉပါဒိသေသ နိဗ္ဗာနဓာတ် - အကျိုးခန္ဓာ အကြွင်းရှိလျက် ကိလေသာငြိမ်းမှု

၂။ အနုပါဒိသေသ နိဗ္ဗာနဓာတ် - အကျိုးခန္ဓာ အကြွင်းမဲ့ ငြိမ်းမှု

ဝဋ်ထုပ်ကြီး (၃) ခု

က။ ကိလေသာဝဋ်ထုပ်ကြီး - လောဘ ဒေါသ မောဟ ကိလေသာ အပေါင်း

ခ။ အဘိသင်္ခါရဝဋ်ထုပ်ကြီး - ကုသိုလ်ကံ အကုသိုလ်ကံ

ဂ။ ခန္ဓာဝဋ်ထုပ်ကြီး - ဥပါဒါန်ခန္ဓာ (၅) ပါး

ဥပဓိ (၄) ပါး

ဆင်းရဲချမ်းသာတို့၏ တည်ရာသည် ဥပဓိ

၁။ ကာမုပဓိ - ဆင်းရဲခြင်း၏ တည်ရာဖြစ်သည့်အတွက် ကာမဂုဏ်အာရုံ ငါးပါး

၂။ ခန္ဓုပဓိ - " ခန္ဓာငါးပါး

၃။ ကိလေသုပဓိ - " ကိလေသာများ

၄။ အဘိသင်္ခါရုပဓိ " ကုသိုလ်ကံ အကုသိုလ်ကံ

ကမ္မဋ္ဌာန်း (၄၀) တို့တွင် အာလောကကသိုဏ်း အာကာသကသိုဏ်း တို့ကဖယ်လျှင် (၃၈) ပါးသည် ဘုရားတိုက်ရိုက်ဟော၏၊ ဘယ်ကမ္မဋ္ဌာန်းမဆို နိဗ္ဗာန်ရောက်နိုင်၏